# မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်ချီတက်ပွဲကို အားပေးထောက်ခံခြင်း

ရက်စွဲ။   ။ ၁–၉–၂၀၀၄

အမေရိကရောက် မျိုးချစ်မြန်မာလူမျိုးများ၏ **မြန်မာ့ဒီမိုကရေစီရေး ခရီးရှည် လမ်းလျှောက် ချီတက်ပွဲ နှင့် အစာငတ်ခံ ဆန္ဒပြတိုက်ပွဲ** အစီအစဉ်ကို လေးစားဂုဏ်ယူစွာ အားပေးထောက်ခံပါသည်။

နယူးယောက်မြို့တွင် စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁ ရက်နေ့အထိ ပြုလုပ်မည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာပြည် ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ထိရောက်စွာ ဝင်ရောက်ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုချက်ကို ခရီးရှည် လမ်းလျှောက်ချီတက်ခြင်း၊ အစာငတ်ခံ ဆန္ဒပြခြင်းတို့ဖြင့် တောင်းဆိုတိုက်ပွဲဝင်ကြမည့် မြန်မာ့ဒီမိုကရေစီ ဘက်တော်သားများ၏ လုပ်ရပ်သည် နိုင်ငံအပေါ် ရဲရင့်ထိရောက်စွာ တာဝန်ယူမှုတရပ် ဖြစ်သဖြင့် လှိုက်လှိုက်လှဲလှဲ ကောင်းချီးပေးကြိုဆိုပါသည်။ ထိုကြိုးပမ်းမှုသည် ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သော မြန်မာပြည်အရေးကို ကုလသမဂ္ဂ အထွေထွေ ညီလာခံအတွင်း နိုင်ငံခြားရေးဝန်ကြီးများအဆင့် ဆွေးနွေးမှုအား ထိရောက်သော တွန်းအားတရပ် ဖြစ်လာစေမည်ဟု ယုံကြည်ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းကို မထေမဲ့မြင် အပြုဆုံး နိုင်ငံများထဲမှတခုဖြစ်သော မြန်မာနိုင်ငံတွင် နိုင်ငံသားများ ဆုံးရှုံးခံထားရသည့် လွတ်လပ်စွာ ပြောရေးဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ လူထုကိုယ်စားပြု အစိုးရနှင့် ပါလီမန်ကို လူထုဆန္ဒဖြင့် လွတ်လပ်စွာ ရွေးချယ်ခွင့်များအတွက် ကုလသမဂ္ဂအဖွဲ့ကြီးတွင် တစိတ်တပိုင်းအားဖြင့် တာဝန်ရှိနေပါသည်။ လူ့အခွင့်အရေးကို ရာနှုန်းပြည့် အားပေးထောက်ခံသော ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင် နိုင်ငံတခုဖြစ်နေသည့်တိုင် မြန်မာလူမျိုးများသည် ထိုရပိုင်ခွင့်များအတွက် တိုက်ပွဲဝင်ရင်း အတောမသတ်နိုင်အောင် အသက်ဆုံးရှုံးခံ၊ အကျဉ်းချခံ၊ ဘဝဆုံးရှုံး ခံနေကြရခြင်းမှာ များစွာဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ထိုသို့မိမိတို့၏ သဘောဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့် မရကြသော မြန်မာနိုင်ငံသား ၅၃ သန်း၏ကိုယ်စား ဤ**(၁၆) ရက်ကြာခရီးရှည် လမ်းလျှောက်ချီတက်ပွဲ**နှင့် **အစာငတ်ခံ ဆန္ဒပြပွဲ** တွင် ပါဝင်လှုပ်ရှားကြမည့် ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများ၊ ငွေအားလူအားဖြင့် ဝိုင်းဝန်းကြမည့် စေတနာရှင်များ အားလုံး၏ တာဝန်သိစိတ်ကို လေးစားစွာ ဂုဏ်ပြုချီးမွမ်းပါသည်။

စားဝတ်နေရေးနှင့် အထွေထွေ အကြပ်အတည်း ပေါင်းစုံကြားမှ တိုင်းပြည်အတွက် ကြိုးစား တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ ကျော်လွှားရမည့် အခက်အခဲများကိုလည်း သိရှိနားလည် စာနာပါသည်။ ဤအခက်အခဲများကြားမှ အတိုင်းအတာတရပ်အထိ ဖြစ်မြောက်အောင် လက်တွေ့အားထုတ်ကြသည့် ဇွဲသတ္တိနှင့် စေတနာကို လေးစားဂုဏ်ယူလျက် ရှိပါသည်။

ဤလှုပ်ရှားမှုသည် အဖမ်းဆီးခံ လူထုခေါင်းဆောင်များနှင့် ဒီမိုကရေစီရေး တိုက်ပွဲဝင်သူများ အပါအဝင် မြန်မာလူထုတရပ်လုံး၏ သဘောဆန္ဒနှင့် အသံကို ကိုယ်စားပြုသော လုပ်ရပ်ဖြစ်ပါသည်။ မတရားမှုခပ်သိမ်းကို တစုံတရာ ထုတ်ဖော်ဆန့်ကျင်ခွင့် မရဘဲ တိတ်ဆိတ်စွာ ငုံ့ခံနေရဆဲ မြန်မာနိုင်ငံသား အားလုံး၏ကိုယ်စား ကုလသမဂ္ဂအား တိုင်တည်အရေးဆိုခြင်းကို လေးစားအပ်သော ကုလသမဂ္ဂ အဖွဲ့ကြီးနှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်တို့အနေဖြင့် မှတ်တမ်းတင်ခြင်း၊ စာနာကြောင်း ပြောဆိုခြင်းမျှထက် ပိုမိုသော ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးလိမ့်မည်ဟု မြန်မာနိုင်ငံသားများက မျှော်လင့်လျက် ရှိပါသည်။

အထက်ပါ ယုံကြည်ချက် မျှော်လင့်ချက်များဖြင့် ရဲဘော်ရဲမေများ အကောင်အထည်ဖေါ်လျက်ရှိသည့် ငြိမ်းချမ်းသော ဆန္ဒပြပွဲကို မည်သည့် အတိုင်းအတာအထိ အကောင်အထည်ပေါ်အောင် ဆောင်ကျဉ်းနိုင်သည်ဖြစ်စေ လေးလေးနက်နက် အားပေးပါကြောင်း မိမိတို့ဆန္ဒအလျောက် ထောက်ခံအပ်ပါသည်။

ထိုင်း–မြန်မာ နယ်စပ်ဒေသနေ မြန်မာ့တိုင်းရင်းသားများ၊
**[NLD–LA, NLD, AAPP-B, OKRSO,** ABSDF, အကသ၊ မ က သ ဖ၊ မ က ဒ အဖွဲ့ဝင်များ၊
မဟာမိတ်ပါတီဝင်များ နှင့် နိုင်ငံရေးအကျဉ်းသား/သူဟောင်း (နိုင်/ကျဉ်း /ဟောင်း)
ပူးပေါင်းပါဝင်သည်။
မှတ်ချက်။ ။ အဖွဲ့အစည်း နာမည်များကို တောင်းဆိုချက်ရှိသူကိုသာ ဖေါ်ပြပါသည်။ လွဲချော်မှုများရှိပါက နားလည်ခွင့်လွှတ်ပါရန်။ **]**

၁။ (ဦး)မျိုးမြင့်
၂။ ဒေါက်တာ (ဦး)အောင်ထွန်း
၃။ ဒေါက်တာ (ဦး)မျိုးဝင်း
၄။ ဒေါက်တာ (ဦး)လှိုင်ထွန်း
၅။ (ဦး)ရွှေကျီးညို
၆။ (ဦး)ဌေးအောင်
၇။ (ဦး)ဇော်ဝင်းတင့်
၈။ (ဦး)ထွေးတင်
၉။ သိန်းအောင်စိုး(ခေါ်) ကိုပေါက်
၁၀။ ခိုင်ကိုဦး
၁၁။ စိုးမောင်မောင်
၁၂။ (ဒေါ်)ခင်ဆန်းဝေ
၁၃။ (ဦး) မြတ်စိုး
၁၄။ စိုးမိုး
၁၅။ နိုင်ဇော်ဝင်း
၁၆။ ဝင်းအောင်
၁၇။ သန်းဌေး
၁၈။ သီသီအောင်
၁၉။ မြင့်ထွေး
၂၀။ (ဒေါ်) အေးအေးဝင်း
၂၁။ (ဒေါ်) ကြူကြူမာ
၂၂။ သက်ထွန်း
၂၃။ ဝင်းသိန်း
၂၄။ သန့်ဇင်
၂၅။ ချိုစိမ့်
၂၆။ ထိခူဖေါ (ခေါ်) ညွန့်ဝေ
၂၇။ အိဗား
၂၈။ နိုင်ထွန်း
၂၉။ ညီညီ
၃၀။ နော်ထိချဲ
၃၁။ (ဦး)ဇော်ငြိမ်းလတ်
၃၂။ ကျော်စွာ
၃၃။ ကေသီအေး
၃၄။ ဇာနည်
၃၅။ ကျော်ထွန်း
၃၆။ သိန်းဌေး
၃၇။ လှဝင်း
၃၈။ ညွန့်မြိုင်
၃၉။ ကျော်ထက်
၄၀။ ယဉ်ငြိမ်းနွေး
၄၁။ သူရ
၄၂။ ထူးထူး
၄၃။ ထိန်ဝင်း (ခေါ်) တိုင်းမှူး
၄၄။ ဝင်းနှင်းဇာ
၄၅။ ကျော်သူကင်း
၄၆။ အေးအေးခိုင်
၄၇။ မန်းမျိုးမြင့် (ခေတ်ပြိုင်)
၄၈။ အာကာ
၄၉။ သူရိန် (သွင်ယု)
၅၀။ ခင်ထွေးရီ
၅၁။ မောင်မောင်ချို
၅၂။ စောဘုန်းမြင့် (OKRSO)
၅၃။ စောအာကာကျော် (OKRSO)
၅၄။ စောစိပ်ပလောင် (OKRSO)
၅၅။ စောလှသိန်း (OKRSO)
၅၆။ စောသောင်းကြည် (OKRSO)
၅၇။ စောလာပုံး (OKRSO)
၅၈။ စောလှကြည် (OKRSO)
၅၉။ စောလှဌေး (OKRSO)
၆၀။ စောရွှေရိုး (OKRSO)
၆၁။ မန်းစန်းအောင် (OKRSO)
၆၂။ နန်းချိုသိန်း (OKRSO)
၆၃။ နန်းအဲဖောင် (OKRSO)
၆၄။ ဝင်းမင်း
၆၅။ သိန်းထိုက်
၆၆။ ယုယုမြင့်

၆၇။ ဒေါ်အုန်းရင်
၆၈။ မော်မော်
၆၉။ မေမေသန်း
၇၀။ (ဦး)တင်ဦး
၇၁။ သောင်းလှိုင်
၇၂။ ထွန်းမြင့်ဦး
၇၃။ ကိုအောင်
၇၄။ အောင်အောင်
၇၅။ သောင်းထိုက်
၇၆။ နန်းထွေးခမ်း
၇၇။ သန်းစိုး
၇၈။ မြတ်ကိုကိုလွင်
၇၉။ ဇော်ထွန်း
၈၀။ (ဦး)နေဝင်း
၈၁။ (ဒေါ်)မြင့်မြင့်–ကည်
၈၂။ သူရိန်ထွန်း
၈၃။ သူရိန်ဝင်း
၈၄။ သုအောင်
၈၅။ ဇော်မင်းထွန်း (ခေါ်) ဂျပန်ကြီး
၈၆။ စိုးနိုင်
၈၇။ နှင်းသက်ထား
၈၈။ (ဦး)ခင်မောင်ဝင်း
၈၉။ အောင်စိုးလွင်
၉၀။ ရွက်ဝါ
၉၁။ မျိုးမင်းနိုင်
၉၂။ လွင်လွင်မော်
၉၃။ သီတာအေး (နိုင်/ကျဦး /ဟောင်း)
၉၄။ မျိုးသိန်း (နိုင်/ကျဦး /ဟောင်း)
၉၅။ ချစ်ရွှေ (NLD)
၉၆။ –ကည်–ကည်စိုး (အကသ)
၉၇။ မိုးမောင်မောင် (မ က သ ဖ)
၉၈။ အောင်ကျော်ဦး (မ က ဒ)
၉၉။ (ဦး)ကာဆင်
၁၀၀။ (ဦး)စွမ်ပုံးမိုင် (သစ္စာ တော်လှန်ရေး စာပေ
မဂ္ဂဇင်း စီစဉ်သူ)
၁၀၁။ လွင်လွင်မော်
၁၀၂။ ဝင်းကို
၁၀၃။ (ဦး)မောင်မောင်တိတ် ([illegible])
၁၀၄။ မိုးကျော်ဦး
၁၀၅။ သန့်ဇင်ထွေး
၁၀၆။ ဇင်မိုး
၁၀၇။ အောင်သူရ
၁၀၈။ စိုးမိုး
၁၀၉။ စိုးစိုး
၁၁၀။ ယုယုလှိုင်
၁၁၁။ လှငြိမ်း
၁၁၂။ မြ–ကးမုံ
၁၁၄။ ရပစ်